# Myanmar Constitutional Reform Network Declaration-



ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြည်သူ့ကွန်ရက်သဘောထားကြေညာချက် အမှတ် (၁/၂၀၁၃) ၂၀၁၃၊ အောက်တိုဘာ(၁၇)ရက်

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်သူ့ကွန်ရက်၏ ပထမအကြိမ် လူထုဆွေးနွေးပွဲကို တော်ဝင်နှင်းဆီ ခန်းမ၌ ၂၀၁၃အောက်တိုဘာ၁၇ရက်နေ့ တွင်အောင်မြင်စွာကျင်းပခဲ့ပါသည်။

၂။ ထိုအစည်းအဝေးကို အဖွဲ့အစည်း ( ၆၀) ကျော်မှ ပြည်သူလူထု(၃၅၀) ကျော်တက်ရောက်ခဲ့ပါသည်။

၃။ ထိုလူထုအစည်းအဝေးကို အောက်ပါရည်ရွယ်ချက် (၃) ရပ်ဖြင့် ဆွေးနွေးခဲ့ပါသည်။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ပြည်သူလူထုမှ သိရှိနားလည်မှု မြင့်မားလာစေရန်၊ (ခ) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲသည်ဖြစ်စေဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲသည်ဖြစ်စေ ပြည်သူလူထုမှ ပိုမိုပူးပေါင်းဆောင်ရွက်လာစေရန်၊ (ဂ) ပြည်သူ့ဆန္ဒနှင့်အညီဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာစေရန်တို့ဖြစ်ပါသည်။

၄။ ထိုလူထုဆွေးနွေးပွဲတွင် အောက်ပါခေါင်းစဉ် (၅) ရပ်ဖြင့်ဆွေးနွေးခဲ့ပါသည်။ (က) ဖယ်ဒရယ်ပြည်ထောင်စုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ (ခ) လူ့အခွင့်အရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ (ဂ) ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ (ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဖြစ်စဉ်၊ (င) အရပ်ဘက် စစ်ဘက်ဆိုင်ရာဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊

၅။ ထိုကဏ္ဍ ငါးခုကိုဆွေးနွေးရာတွင် တက်ရောက်လာသော ပြည်သူလူထုမှအောက်ပါဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာအခြေခံမူများကိုသဘောတူညီခဲ့ပါသည်။ (က)အချုပ်အခြာအာဏာသည်ပြည်သူ့ထံမှဆင်းသက်ရမည်။ (ခ)ပြည်ထောင်စုတွင်းရှိတိုင်းရင်းသားလူမျိုးများတန်းတူညီမျှရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့်ရှိရမည်။ (ဂ) ပြည်ထောင်စုကိုဖယ်ဒရယ်ပြည်ထောင်စုစစ်စစ်မူဖြင့် ဖွဲ့စည်းရမည်။ (ဃ) လူနည်းစုများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ပေးရမည်။ (င) ဒီမိုကရေစီအခွင့်အရေးအခြေခံလူ့အခွင့်အရေးနှင့် ကျား/မဆိုင်ရာတန်းတူညီမျှမှုကိုအခြေခံရမည်။ (စ) ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရမည်။ (ဆ) ဘာသာရေးကိုအခြေမခံသောနိုင်ငံဖြစ်ရမည်။ (ဇ) အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များထားရှိရမည်။

၆။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဖြစ်စဉ် နှင့် ထိုအခြေခံဥပဒေတွင်ပါဝင်သောပြဌာန်းချက်အများစုကိုတက်ရောက်လာသောပြည်သူလူထု က လုံးဝသဘောတူခြင်းမရှိပါ။

၇။ ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီမှ ပြည်သူ့ထံသို့ အကြံပြုတောင်းခံသည့်နောက်ဆုံးသတ်မှတ်ရက်နှင့် လုပ်ငန်းစဉ်များသည်လူထုသဘောထားကိုပြည့်စုံစွာ ထင်ဟပ်နိုင်ခြင်းမရှိပါ။

၈။ ထို့ကြောင့်ဒီမိုကရေစီစံချိန်စံညွှန်းနှင့်ညီသောဖွဲ

့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက်ပြည်သူ လူထု၏ သဘောထားရယူနိုင်ရန် ကျွန်ုပ် တို
့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြည်သူ့ကွန်ရက်မှနိုင်ငံနှင့်
တဝှမ်းပိုမိုကျယ်ပြန့်စွာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်း
ကော်မတီတို့မှလည်း ပြည်သူလူထုသဘောထားကိုကျယ်ကျယ်ပြန့်ပြန်
့ရရှိနိုင်ရေးအတွက်အလေးအနက် ထားဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုက်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်သူ့ကွန်ရက်

ဆက်သွယ်ရန် — ဦးစိုးထွန်း ၀၉၇၃၄၉၄၃၆၇ ဦးထွန်းကြည် ၀၉၄၉၂၅၅၀၂၄
ဦးဖေမြင့်၀၉၅၁၀၅၆၃၄ ဒေါ်ဆူဇန်နာလှလှစိုး ၀၉၇၃၀၂၁၀၂၅
ဒေါ်မေစပယ်ဖြူ ၀၉၄၂၁၁၇၀၇၈၃ ဦးမျိုးရန်နောင်သိန်း၀၉၄၂၁၁၅၈၉၃၆

http://bdcburma.wordpress.com/2013/10/22/myanmar-amending-2008-constitution-declaration/